# ရောင်လမ်း
The Mirror

၁၃၇၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၁ ရက်၊ စနေနေ့၊ (27-12-2008) (၅၉၀၅)


## မိန့်ခွန်းပြောကြား

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၀) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။**
(သတင်းစဉ်)

## တိုင်းရင်းသားစည်းလုံးညီညွတ်မှု တည်ဆောက်

တိုင်းရင်းသားလူမျိုးစု တစ်ရာကျော် စုပေါင်းနေထိုင်ကြတဲ့ ဒီနိုင်ငံဟာ စစ်မှန်တဲ့မျိုးချစ်စိတ်ဓာတ် တစ်နည်းအားဖြင့် ပြည်ထောင်စုစိတ်ဓာတ်ရှိဖို့ လိုတယ်။ နိုင်ငံတော်အတွင်းနေထိုင်သည့် မည်သည့်တိုင်းရင်းသားလူမျိုးမဆို နိုင်ငံတော်၏ ကောင်းရာကောင်းကျိုးအတွက် ပူးပေါင်းဆောင်ရွက်ရမည်ဆိုသော စစ်မှန်သည့်မျိုးချစ်စိတ်ဓာတ်ရှိစေရန် ရေပက်မဝင်တဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို တည်ဆောက်ဖို့လိုအပ်။

## တိုးတက်လာတဲ့ စစ်နည်းပြုပုဟာတွေနဲ့ ဓာတု၊ ဇီဝလက်နက်ကဲ့သို့ စစ်လက်နက်တွေရဲ့ ထိရောက်မှုကို စဉ်ဆက်မပြတ်လေ့လာ တာဝန်ကျရာဒေသက ပြည်သူတွေရဲ့ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုတွေကို လူမျိုး၊ ဘာသာမခွဲ ဆောင်ရွက်ပေး အမျိုးသား ကျန်းမာရေးစီမံကိန်းတွေမှာ ဝိုင်းဝန်းကူညီဆောင်ရွက်ရင်း ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်ကိုထမ်းဆောင် တိုင်းရင်းသားညီအစ်ကိုတွေရဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ကူညီဆောင်ရွက်ပြီး ကျစ်လျစ်ခိုင်မာတဲ့ စည်းလုံးညီညွတ်မှုတည်ဆောက်



နေပြည်တော် ဒီဇင်ဘာ ၂၆

**တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၀) သင်တန်းဆင်းပွဲ အခမ်းအနားတွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြောကြားသည့် မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-**

**ရဲဘော်တို့-**

ဒီကနေ့ဟာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၀) သင်တန်းဆင်းတဲ့နေ့ပဲဖြစ်တယ်။ စစ်ပညာရပ်တွေနဲ့ ဆေးဘက်ဆိုင်ရာ ပညာရပ်တွေကို အောင်မြင်စွာ သင်ကြားတတ်မြောက်ပြီးလို့ နိုင်ငံတော်ကာကွယ်ရေးနဲ့ ဆေးဘက်ဆိုင်ရာ တာဝန်များကို ထမ်းဆောင်ကြတော့မယ့် ရဲဘော်တို့ကို မှာကြားစရာရှိတာတွေ အလေးအနက် မှာကြားလိုတယ်။

**ရဲဘော်တို့-**

တပ်မတော်ဆေးဝန်ထမ်း တပ်ဖွဲ့ဝင်တွေဖြစ်တဲ့ ရဲဘော်တို့ဟာ တာဝန်ကျရာ တပ်ရင်းတပ်ဖွဲ့အသီးသီးမှာ တပ်မတော်သားတွေနဲ့ မိသားစုဝင်တွေရဲ့ ကျန်းမာရေးကာကွယ်စောင့်ရှောက်မှု လုပ်ငန်းတာဝန်ကို အဓိကထမ်းဆောင်ကြရမှာ ဖြစ်တယ်။

နယ်စွန်နယ်ဖျားဒေသတွေမှာ တာဝန်ထမ်းဆောင်ကြရတဲ့ တပ်မတော်သားတွေအတွက် လုံလောက်တဲ့ ကျန်းမာရေး ကာကွယ်စောင့်ရှောက်မှုကတော့ စစ်သည်များကိုယ်တိုင် ကျန်းမာရေးအသိပညာ ရှိဖို့ပဲဖြစ်တယ်။ အလားတူပဲ ကာကွယ်ခြင်းဟာ ကုသခြင်းထက် ပိုမိုထိရောက်ကောင်းမွန်တယ်ဆိုတဲ့အတိုင်း ကြိုတင်ကာကွယ်ခြင်းအတွက် အရေးအကြီးဆုံးဖြစ်တဲ့ ကျန်းမာရေးအသိပညာပေးလုပ်ငန်းတွေကို တာဝန်ကျရာနေရာဒေသတိုင်းမှာ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရမှာဖြစ်တယ်။ ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်တွေဖြစ်တဲ့ ရဲဘော်တို့ဟာ ရှေ့တန်းစစ်မြေပြင်က စစ်သည်တွေနဲ့မိသားစုဝင်တွေရဲ့ ဆေးအကာအကွယ်ပေးမှုတာဝန်ကို ဆောင်ရွက်ရတာတွေလည်း ရှိမှာဖြစ်တယ်။ ဘယ်နေရာ ဘယ်ဒေသမှာမဆို တာဝန်ထမ်းဆောင်တဲ့နေရာမှာ **ကျန်းမာ၊ ကြွေခိုင်၊ တိုက်နိုင်ရန်** ဆိုတဲ့ ဆေးတပ်ဖွဲ့ရဲ့ ရည်မှန်းချက်အတိုင်း ကုသရေးသာမက

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**

ရောင်ပြန်ဟပ်ခြင်း The Mirror
၂၃-၁၂-၂၀၀၈
(စနေနေ့)

# စီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင် သီးနှံများ အပြည့်အဝ စိုက်ပျိုးထုတ်လုပ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် လေဘေးသင့်ဒေသများဖြစ်သည့် ဧရာဝတီတိုင်း ကျွဲက်လတ်မြို့ ဒေးဒရဲမြို့နှင့် ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ်တို့သို့ ဒီဇင်ဘာလ ၂၄ရက်နေ့က သွားရောက်ပြီး ပြန်လည်ထူထောင်ရေး၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ခရီးစဉ်အတွင်း ဒေသတာဝန်ခံများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံရာတွင် စိုက်ပျိုးရေးလုပ်ငန်း၊ ရေလုပ်ငန်းများ အပြည့်အဝ ပြန်လည်ထူထောင်ရေး၊ အိမ်ထောင်စုအလိုက် မီးဖိုချောင်သီးနှံများ တိုးချဲ့စိုက်ပျိုးရေး၊ ဒေသတွင်းပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ ပုံမှန်နေသားတကျဖြစ်ရေး၊ လမ်းပန်းဆက်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့်စပ်လျဉ်း၍ လမ်းညွှန်မှာကြားသည်။

ယခုအခါ လေဘေးသင့်ဒေသများ၌ အိုးမဲ့အိမ်မဲ့ ဖြစ်သွားကြရသည့် ပြည်သူများအတွက် နေအိမ်များ တည်ဆောက်ပေးနေသည်။ လယ်ယာစိုက်ပျိုးရေး၊ ရေလုပ်ငန်းနှင့် ဆားလုပ်ငန်းစသည့် အဓိကစီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် စေတနာရှင်၊ အလှူရှင်များက ပုံပိုးကူညီပေးလျက်ရှိရာ လုပ်ငန်းများ ပုံမှန်လုပ်ကိုင်နိုင်လျက်ရှိသည်။ မိုးစပါးများ စိုက်ပျိုး၊ ရိတ်သိမ်းလျက်ရှိသကဲ့သို့ နွေစပါးများလည်း စိုက်ပျိုးနေကြပြီဖြစ်သည်။

လေဘေးသင့်ဒေသရှိ မြို့ပြ၊ ကျေးရွာများ ပြန်လည်ထူထောင်တည်ဆောက်ရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိရာ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးအပါအဝင် ဌာနဆိုင်ရာရုံးများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးလေးခန်းများ၊ စေတနာသစ်များ၊ တည်ဆောက်ပြီးစီးနေသည့် မြို့ပြများ၊ စံပြကျေးရွာများကို တွေ့မြင်နေရသည်။

ယင်းသို့ လေဘေးသင့်ဒေသများ၌ မြို့ပြကျေးရွာများ ပြန်လည်ထူထောင်ရေး၊ ဒေသဖွံ့ဖြိုးရေးတို့အတွက်လိုအပ်ချက်များကို နိုင်ငံတော်အစိုးရက ဦးစားပေး ဖြည့်ဆည်းဖော်ဆောင်ပေးလျက်ရှိရာ ဒေသတာဝန်ခံများ၊ ဒေသခံပြည်သူများကလည်း ဒေသအလိုက် စီးပွားရေးလုပ်ငန်းများ ပြန်လည်လုပ်ကိုင်ရာ၌ ယခင်ကရရှိခဲ့သော အခြေအနေထက် ပိုမိုတိုးတက်ကောင်းမွန်စေရေး ဝီရိယစိုက်ထုတ် ကြိုးပမ်းကြရမည်ဖြစ်သည်။

လေဘေးသင့်ဒေသများကို ပြန်လည်ထူထောင်တည်ဆောက်ရသည့် လုပ်ငန်းပမာဏမှာ ကြီးမားကျယ်ပြန့်လှသော်လည်း နိုင်ငံတော်အစိုးရ၊ စေတနာရှင်ပြည်သူများနှင့် တပ်မတော်တို့၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် လုပ်ငန်းများ အရှိန်အဟုန်ရရှိနေပြီဖြစ်ရာ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများအားလုံးက စီးပွားရေးလုပ်ငန်းများ အပြည့်အဝ ပြန်လည်ထူထောင်ကြပြီး သီးနှံများ ရည်မှန်းချက်နှင့်အညီ စိုက်ပျိုးထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြခြင်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်မှုများ ပိုမိုရရှိလာမည် ဖြစ်ပါသည်။ ။

# ပြည်နယ်နှင့်တိုင်း မီးသတ်တပ်ဖွဲ့ဝင်ယာဉ်မောင်း သင်တန်းသားများအား အသိပညာပေး ဆွေးနွေးဟောပြော

**ရန်ကုန် ဒီဇင်ဘာ ၂၆**

ရန်ကုန်တိုင်း ကြိုးကဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့ရုံး ဦးစီးမှူး(၁) ဒုတိယရဲမှူးမြင့်အောင်သည် ဒီဇင်ဘာ ၂၄ရက် နံနက် စနာရီမှ ၁၀နာရီအထိ မရမ်းကုန်းမြို့နယ် မီးသတ်ဦးစီးဌာန (ရုံးချုပ်)၌ ပြည်နယ်နှင့် တိုင်းများမှ မီးသတ်တပ်ဖွဲ့ဝင် ယာဉ်မောင်းသင်တန်းသား ၃၀တို့အား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို အသိပညာပေးဟောပြောပို့ချခဲ့ကြောင်း သိရှိရသည်။**(အောက်ပုံ)** (ကြေးမုံ)

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးအား ဧည့်သည်အဖွဲ့တွေ့ဆုံ

**ရန်ကုန် ဒီဇင်ဘာ ၂၆**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးအား (DAEWOO International Corporation)၏ ဥက္ကဋ္ဌ သစ်နှင့် (CEO. Mr. Jae Yong Kim) နှင့် အဖွဲ့သည် ဒီဇင်ဘာ ၂၄ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ ဆည်မြောင်းဦးစီးဌာန ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။ **(ယာပုံ)**

**ဆွေးနွေး**

ထိုသို့တွေ့ဆုံရာတွင် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကိစ္စရပ်များကို ဆွေးနွေးကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

# ဒဂုံမြို့သစ်(တောင်ပိုင်း)နှင့် (မြောက်ပိုင်း)တို့တွင် ကတ္တရာလမ်းသစ်များဖွင့်

ရန်ကုန် ဒီဇင်ဘာ ၂၆

**ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ယမန်နေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း)နှင့် (မြောက်ပိုင်း)မြို့နယ်တို့၌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)နှင့် လူမှုရေးအသင်းအဖွဲ့တို့ ပူးပေါင်း ဆောင်ရွက်ပြီးစီးသော ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားများသို့ တက်ရောက်အားပေး ဖွင့်လှစ်ပေးသည်။**

ရှေးဦးစွာ မြို့တော်ဝန်သည် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် (၇၀)ရပ်ကွက် နဝေးလမ်းရှိ မုခ်ဦးရှေ့၌ ကျင်းပသော နဝေးလမ်းကျောက်ချောကတ္တရာ လမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ တာဝန်ရှိသူများနှင့်အတူ လမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ မြို့တော်ဝန်သည် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၄၉၊ ၅၀၊ ၅၁)ရပ်ကွက် ဘုရင့်နောင်လမ်း မုခ်ဦးရှေ့၌ ကျင်းပသော ဘုရင့်နောင်လမ်း ကတ္တရာကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးအောင်သန်းဝင်း၊ တွဲဖက်အတွင်းရေးမှူး ဦးကျော်စိုး၊ တာဝန်ရှိသူများ နှင့်အတူ လမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ဒီဇင်ဘာ ၂၅ရက်က ဖွင့်လှစ်သည့် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်မှ နဝေးလမ်းသည် လမ်းအရှည် ပေ ၂၂၈၀ နှင့် အကျယ် ၁၂ပေရှိပြီး ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်မှ ဘုရင့်နောင်လမ်းသည် လမ်းအရှည် ပေ ၃၀၀၀နှင့် အကျယ် ၁၈ ပေရှိကာ လမ်းများကို အဆင့်မြင့်ဆောင်ရွက်ခဲ့၍ ပြည်သူများရာသီဝန္တေ စိတ်ချမ်းမြေ့စွာ သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

(၁၉)

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တာဝန်ရှိသူများ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၄၉၊ ၅၀၊ ၅၁)ရပ်ကွက်ရှိ ဘုရင့်နောင်လမ်း ကတ္တရာကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်စဉ်။** (၁၉)

# ယာဉ်မတော်တဆမှု လျော့နည်းပပျောက်ရေး အထူးရှောင်တခင်စစ်ဆေး

**ရန်ကုန် ဒီဇင်ဘာ ၂၆**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့်ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်တိုင်း ရုံးခွဲ (ရွာသာကြီး)မှ တိုင်းရုံးခွဲဦးစီးမှူး ဦးဝေလွင်၊ ဒုတိယညွှန်ကြားရေးမှူးနှင့် အရှေ့ပိုင်းခရိုင်ဦးစီးမှူး ဦးကျော်လွင်၊လက်ထောက်ညွှန်ကြားရေးမှူးတို့ ဦးဆောင်သောအဖွဲ့သည် ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့တို့ ပူးပေါင်း၍ ဒီဇင်ဘာ ၂၀ ရက်က မြောက်ဥက္ကလာပမြို့နယ် အောင်မင်္ဂလာ အဝေးပြေးစခန်းမှ ပြည်နယ်၊ တိုင်းအသီးသီးသို့ ထွက်ခွာကြမည့် ခရီးသည်တင်ယာဉ်များနှင့် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များအား ယာဉ်ကြီခိုင်မှုရှိ မရှိ သတ်မှတ်လိုင်စင်ဖြင့် မောင်းနှင်ခြင်းရှိ၊ မရှိနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ စနစ်တကျထိန်းသိမ်း မောင်းနှင်ခြင်းရှိ၊ မရှိကို အထူးရှောင်တခင်စစ်ဆေး၍ ပညာပေးအရေးယူ ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။**(အောက်ပုံ)** (သတင်းစဉ်)

# တပ်မတော်၏ အစဉ်အလာကောင်းများနှင့်အညီ ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များသည် ပြည်သူ့အရေးအတွက် ကိုယ်ကျိုးစွန့်အနစ်နာခံပြီးစေတနာအပြည့်ဖြင့် သယ်ပိုးဆောင်ရွက်ခဲ့

☆ ရွှေဖုံးမှ

ကာကွယ်ခြင်း၊ ကျန်းမာရေး အသိပညာပေးခြင်း စတဲ့ ကျန်းမာရေး ကာကွယ် စောင့်ရှောက်မှုတွေကို စေတနာ၊ အကြင်နာ၊ဘေးကင်းကွာဆိုတဲ့ ဆောင်ပုဒ်နဲ့ အညီ စေတနာထားပြီး အကြင်နာတရားအပြည့်နဲ့ ဆောင်ရွက်ပေးကြရမယ်။

ဒါ့အပြင် နိုင်ငံနဲ့အဝန်း ပိုမိုထိရောက်တဲ့ ကျန်းမာရေး အကာအကွယ်ပေးမှုလုပ်ငန်းတွေကို ဆောင်ရွက်နိုင်ဖို့ နေရာဒေသအလိုက် ဖြစ်ပွားတတ်တဲ့ ရောဂါဝေဒနာတွေရဲ့ လက္ခဏာတွေကို မှတ်တမ်းတင်သုတေသနပြုလုပ်ပြီး နီးနေ့ာဖလှယ်ခြင်းအားဖြင့် အတွေ့အကြုံ ရယူသွားကြရမယ်။ ဒါကြောင့် ရဲဘော်တို့ဟာ အမိတက္ကသိုလ်က သင်ကြားပေးလိုက်တဲ့ ပညာရပ်တွေအပြင် လက်တွေ့ဘဝမှာ တွေ့ကြုံရတဲ့ အတွေ့အကြုံတွေအပေါ် ပညာယူပြီး အသုံးချနိုင်အောင် တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်သွားကြရမယ်။

**ရဲဘော်တို့-**

တိုးတက်ထွန်းကားလာတဲ့ ဆေးသိပ္ပံပညာရပ်တွေနဲ့အတူ တိတ်ဝင်ထုတ်လုပ်ထားတဲ့ အဏုဇီဝဆေးဝါးတွေရဲ့အစွမ်းဟာလည်း အံ့ဘာနန်း ထိရောက်လာခဲ့ကြတယ်။ ဒါတွေနဲ့အတူ အချို့ဆေးဝါးတွေရဲ့ ဘေးထွက်ဆိုးကျိုး အကျိုးသက်ရောက်မှုကလည်း ပိုမိုများပြားလာတာကို သတိပြုကြဖို့ လိုတယ်။ အနောက်တိုင်းနိုင်ငံတွေက ထုတ်လုပ်တဲ့ ဆေးဝါးတွေဟာ ထိရောက်မှုရှိသလို မမျှော်လင့်နိုင်တဲ့ ဘေးထွက်ဆိုးကျိုးတွေလည်း ပါလာတတ်တယ်။ ဒါကြောင့် အခုဆိုရင် အရှေ့တိုင်းနိုင်ငံများဟာ

**တပ်မတော် ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၁၀) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားသို့ တက်ရောက်ကြသူများအား တွေ့ရစဉ်။** (သတင်းစဉ်)

သူတို့နိုင်ငံက ထုတ်လုပ်တဲ့ ရိုးရာဆေးဝါးတွေကို နိုင်ငံတကာက လက်ခံလာအောင် ခေတ်မီနည်းပညာတွေနဲ့ သုတေသနပြုလုပ်ဆောင်ရွက်နေကြပြီ ဖြစ်တယ်။ ဗိုလ်ခိုင်အနေနဲ့လည်း တိုင်းရင်းဆေးဝါးတွေနဲ့ ဝိုင်ဖိုးဖလာ ကုထုံးတွေကို သုတေသနပြုလုပ်ပြီး နိုင်ငံတကာက လက်ခံလာအောင် ခေတ်မီနည်းပညာတွေနဲ့ အဆင့်မြှင့်တင် ကြိုးပမ်းဆောင်ရွက်လျက်ရှိတယ်။ ဒါဟာ ဆေးဝါးဆိုင်ရာ ထုတ်လုပ်မှုအပိုင်းမှာ နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်အောင် အမြော်အမြင်ရှိရှိနဲ့ ကြိုးပမ်းဆောင်ရွက်နေခြင်းပဲဖြစ်တယ်။

**ရဲဘော်တို့-**

ဆေးဘက်ဆိုင်ရာ ပညာရှင်များဖြစ်တဲ့ ရဲဘော်တို့ဟာ တပ်မတော်သားတွေ ဖြစ်တာနဲ့အညီ မူလတာဝန်ဖြစ်တဲ့ နိုင်ငံတော် ကာကွယ်ရေးတာဝန်ကို ကျရောကဏ္ဍက ထမ်းဆောင်ရမှာဖြစ်တယ်။ လိုအပ်လာရင် ခြေလျင်တပ်စုများအဆင့်ထိ သင်ကြားတတ်မြောက်ပြီးသူတွေ ဖြစ်တာနဲ့အညီ မိမိတပ်ဖွဲ့ဝင်တွေကို ကွပ်ကဲပြီး စစ်မြေပြင်မှာ ခြေလျင်တပ်အသွင် တိုက်ပွဲဝင်နိုင်ရမှာဖြစ်တယ်။ ရန်သူနဲ့ ရင်ဆိုင်ရတဲ့ တိုက်ခိုက်ရေးတပ်ဖွဲ့ဝင်တွေနဲ့အတူ လိုက်ပါပြီး ရဲရွမ်းသတ္တိပြခဲ့လို့ တပ်မတော်ကဂုဏ်ပြုခဲ့တဲ့ ဆေးတပ်ဖွဲ့ဝင်တွေရဲ့ သမိုင်းဟာ အရေးကြီးရင် သက်လုံကောင်းတဲ့ တပ်မတော်ရဲ့ အစဉ်အလာပဲဖြစ်တယ်။ **ဝါ့နိုင်ငံတော်၊ ဝါ့နိုင်ငံသား၊ ဝါ့တပ်မတော်အတွက် ဝါ၏ အသက်ကို စွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုပါ၏**လို့ သစ္စာဆိုထားတဲ့ တပ်မတော်ရဲ့ ကောင်းမြတ်တဲ့ အစဉ်အလာတွေကို ရဲဘော်တို့ဟာ အသက်နဲ့လဲပြီး ကာကွယ်စောင့်ရှောက် သွားကြရမယ်။

ဒါ့အပြင် ခေတ်နဲ့အညီ တိုးတက်ပြောင်းလဲလာတဲ့ စစ်နည်းဗျူဟာတွေနဲ့ ဓာတု၊ ဇီဝလက်နက်တွေကဲ့သို့ ခေတ်မီစစ်လက်နက်ပစ္စည်းတွေရဲ့ထိရောက်မှုတွေကို စဉ်ဆက်မပြတ် ဆည်းပူးလေ့လာနေကြရမယ်။ တိုက်ပွဲဝင် စစ်သည်များရဲ့ ထိခိုက်ဒဏ်ရာနဲ့ ကျန်းမာကြံ့ခိုင်မှုအား ထိခိုက်စေတဲ့ နည်းလမ်းတွေကို စစ်ရေးသတိရှိရှိနဲ့ ကြိုတင်မျှော်တွေးဖော်ထုတ်ပြီး ကာကွယ်နိုင်အောင် စီမံဆောင်ရွက်ခြင်းဟာ ရဲဘော်တို့ အစဉ်အဖြေလုပ်ဆောင်နေရမယ့်လုပ်ငန်းပဲဖြစ်တယ်။

**တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၀) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားသို့ တက်ရောက်ကြသူများအား တွေ့ရစဉ်။** (သတင်းစဉ်)

**တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဗိုလ်လောင်း တပ်ခွဲများကို စစ်ဆေးစဉ်။** (သတင်းစဉ်)

**ရဲဘော်တို့-**

တပ်မတော်သား ဆရာဝန်တွေဖြစ်တဲ့ ရဲဘော်တို့ဟာ ပြည်သူ့တပ်မတော်သားတွေ ဖြစ်တာနဲ့အညီ တာဝန်ကျရာဒေသက ပြည်သူလူထုတွေရဲ့ ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုတွေကိုလည်း လူမျိုး၊ ဘာသာ၊ သာသနာခွဲခြားဘဲ ဆောင်ရွက်ပေးကြရမယ်။တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနဲ့ ပညာရည်မြင့်မားရေးဆိုတဲ့ ရည်မှန်းချက်ကို အကောင်အထည်ဖော်တဲ့နေရာမှာ ရဲဘော်တို့အနေနဲ့ နိုင်ငံတော်က ချမှတ်ထားတဲ့ အမျိုးသား ကျန်းမာရေးစီမံကိန်းတွေမှာ ပိုင်းဝန်းကူညီဆောင်ရွက်ရင်း ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်ကို ထမ်းဆောင်သွားကြရမှာ ဖြစ်တယ်။

ဒို့တိုင်းပြည်လုံးရေရဲ့ ၇၅ ရာခိုင်နှုန်းဟာ ကျေးလက်နေ လူတန်းစားတွေဖြစ်လို့ ကျေးလက်ဒေသတွေရဲ့ လူနေမှုဘဝကို မြှင့်တင်ပေးခြင်းဖြင့် တိုင်းပြည် ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်တယ်။ ဒါကြောင့် နိုင်ငံတော်က ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ် (၅)ရပ် ချမှတ်လျက် လူတိုင်း ရောဂါဘယကင်းရှင်းစွာနဲ့ သက်တမ်းစေ့ နေထိုင်နိုင်ရေးကို ရည်မှန်းပြီး အကောင်အထည်ဖော်တဲ့နေရာမှာ ရဲဘော်တို့ဟာ အမျိုးသားရေးစိတ်ဓာတ်နဲ့ ပိုင်းဝန်းဆောင်ရွက်ကြဖို့ မှာကြားလိုတယ်။

**ရဲဘော်တို့-**

တပ်မတော်ရဲ့ အစဉ်အလာကောင်းတွေနဲ့အညီ ဆေးဝန်ထမ်း တပ်ဖွဲ့ဝင်တွေဟာလည်း ပြည်သူ့အရေးအတွက်ဆို ကိုယ်ကျိုးစွန့် အနစ်နာခံပြီး စေတနာအပြည့်နဲ့ သယ်ပိုးဆောင်ရွက်ခဲ့ကြတယ်။ မေလဆန်းပိုင်းမှာ ဖြစ်ပွားခဲ့တဲ့ နာဂစ်မုန်တိုင်း တိုက်ခတ်ခံရတဲ့ နေရာတွေကို ဒို့ဆေးတပ်ဖွဲ့ဝင်တွေဟာ ကိုယ့်ရိက္ခာ ကိုယ်စား၊ ကိုယ့်ဆေးကိုယ်ထမ်း၊ ကိုယ့်လမ်းကိုယ် ဖောက်ပြီး အစွန်အဖျားဒေသတွေအရောက် မိုးထဲရေထဲမှာ လူးလာခေါက်တုံ့သွားရင်း ကျန်းမာရေး ပြုစုစောင့်ရှောက်မှုလုပ်ငန်းတွေကို နေ့ညမနား လုပ်ခဲ့ကြတယ်။ ဆေးတပ်ဖွဲ့ဝင်တွေရဲ့ စွမ်းစွမ်းတမံ ဆောင်ရွက်မှုတွေကြောင့် ဒို့တပ်မတော်သားတွေရဲ့ နိုင်ငံနဲ့ လူမျိုး အပေါ်ထားတဲ့ **စာမျက်နှာ ၈ ကော်လံ ၁ သို့☆**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၀) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

## တက်ရောက်ချီးမြှင့်

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တပ်မတော်ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမဆောင်ကြီး၏ စုဝေးခန်းမ၌ကျင်းပသည့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၀) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ချီးမြှင့်စဉ်။** (သတင်းစဉ်)

နေပြည်တော် ဒီဇင်ဘာ ၂၆

**တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၀) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညနေ ၆ နာရီတွင် ရန်ကုန်မြို့ တပ်မတော်ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမဆောင်ကြီး၏ စုဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်ချီးမြှင့်သည်။**

အဆိုပါ သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရဇရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(၅) ဗိုလ်ချုပ်ဥာဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို၊ ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင်၊ တပ်မတော်စစ်ဆေးရေးအရာရှိချုပ် ဗိုလ်ချုပ်သိန်းထိုက်၊ စစ်ရာထူးခန့်ချုပ် ဗိုလ်ချုပ်ဆန်းဆင့်၊ စစ်ဥပဒေချုပ် ဗိုလ်ချုပ်စိုးမောင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်၊ တပ်မတော်လေကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်လှဌေးဝင်း၊ တပ်မတော်စစ်ဆေးရေးနှင့် စာရင်းစစ်ချုပ်(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ် မောင်ရိန်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မဂ်လာဒုံတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ တပ်မတော်ဆေးတက္ကသိုလ် ကျောင်းအုပ်ကြီးနှင့် အကြေးပေးပုဂ္ဂိုလ်များ၊ ပါမောက္ခဌာနကြီးမှူးများ၊ ပါမောက္ခဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းဆင်းအရာရှိများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအပြီးတွင် တပ်မတော်ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမဆောင်ကြီး၌မြတ်တေးဂီတအဖွဲ့နှင့်အတူမြတ်တေးဂီတနှင့် မြန်မာနိုင်ငံဂီတအစည်းအရုံးတို့မှ အနုပညာရှင်များက အဆိုအကများဖြင့် လည်းကောင်း၊အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများက အကပဒေသာတို့ဖြင့်လည်းကောင်း၊ မြတ်တီအငြိမ့်အဖွဲ့က အငြိမ့်ဖြင့်လည်းကောင်း ဖျော်ဖြေတင်ဆက်ကြသည်။ (သတင်းစဉ်)

## ဒီမိုးလဲ့ရွှေပြည်သတင်းဂျာနယ် အတွဲ(၆)၊ အမှတ်(၃)ထွက်ပြီ

**ရန်ကုန် ဒီဇင်ဘာ ၂၆**

ရွှေးကောက်ပွဲအကြို တစ်သီးပုဂ္ဂလ ရွေးချယ်ခံကိုယ်စားလှယ်များနှင့် တွေ့ဆုံခြင်းပါဝင်သည့် ယခုတစ်ပတ်သတင်းဂျာနယ်တွင် ဆိုင်ကယ်အယ်လိုက်ပြီး စက်ဘီးရေးကျ ဂျပန်ဘီးအသုံးများ၊ အိတ်စပ္ပီ ပဲအချို့ ပြည်ပပို့ခွင့်ရ ကုမ္ပဏီများမှ ဝယ်၍ အရောင်းအဝယ်သွက် ရေးပြုနေ၊ သဘာဝမြေသြဇာ အဖြစ် အသုံးဝင်တဲ့ တီကောင်ကျွစ်စာ၊ မြန်မာ့ရွှေချည်ထိုးပြကွဒိန်များ ဒေါ်လာတစ်သိန်းခွဲကျော်ဖိုး ထိုင်းနိုင်ငံသို့သွား၊ ထိုင်းအစိုးရသည် အရန်သိုလှောင်ထားသော ဆန်တန်ချိန် ၁ ဒသမ ၃၇ သန်းကို ရောင်းချသွားမည်၊ တရုတ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှု လျှာထားချက်ကို လျှော့ချရန် ကမ္ဘာ ဘဏ်က သတိပေးပြောကြား စသည့် ပြည်တွင်းပြည်ပ သတင်းများနှင့်တကွ ထွေးညိုက ချစ်စနိုးတဲ့လား၊ ကမ္ဘာသီးနှံရိက္ခာရှားပါးမှု၊ ကားသမား ဘာသာ ဗေဒ၊ ရေနေးကြမ်းယဉ်ကျေးမှုဘယ်လဲ၊ မြန်မာနိုင်ငံ ဒေသအချို့တွင် လှုပ်ခဲ့သော ငလျင်များ၊ သဘောတွေ့မယ့် အသော့အတေ့ စသည့် သုတရသ ဆောင်းပါးများ ဖော်ပြထားသည်။

အဆိုပါဂျာနယ် ရနိုင်သောနေရာများမှာ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ကုန်သည်လမ်းရှိ စာပေဗိမာန်၊ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ပန်းရွှေပြည်စာအုပ်ဆိုင်၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်တို့ဖြစ်ပြီး ဆက်သွယ်ရန်နှင့်စာမူပေးပို့ရန်လိပ်စာမှာ အမှတ်(၈) ပန်းခြံတာဝါ ဒုတိယထပ် ဓမ္မစေတီလမ်းနှင့် ဘားကရာလမ်းထောင့် မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ဖြစ်သည်။ (သတင်းစဉ်)

## ဗြဝတီရုပ်မြင်သံကြားအစီအစဉ်

### ၂၃-၁၂-၂၀၀၈ ( စနေနေ့ )

**နံနက်ပိုင်း**

| | |
|---|---|
| ၇:၀၀ | ၁။ မြဝတီအဖွင့် |
| ၇:၀၅ | ၂။ အဖွင့်သီချင်း |
| ၇:၁၀ | ၃။ မျိုးချစ်တပ်မတော် |
| ၇:၂၀ | ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇:၃၀ | ၅။ မြန်မာသံစဉ်ချိန်းဝင် |
| ၇:၄၅ | ၆။ မြန်မာ့ဒိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ အစီအစဉ် |
| ၇:၅၀ | ၇။ သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇:၅၅ | ၈။ အမျိုးသားရေးတေးကဗျာ |
| ၈:၀၀ | ၉။ မြဝတီရုပ်မြင်သံကြား သတင်း |
| ၈:၁၀ | ၁၀။ အမျိုးသားရေးတေးကဗျာ |
| ၈:၁၅ | ၁၁။ အပိတ်နှုတ်ဆက်စကား |
| ၈:၁၆ | ၁၂။ ပြီးပါပြီ။ |

**ညပိုင်း**

| | |
|---|---|
| ၄:၀၀ | ၁။ မြဝတီအဖွင့် |
| ၄:၀၅ | ၂။ အဖွင့်သီချင်း |
| ၄:၁၀ | ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ |
| ၄:၁၅ | ၄။ မြန်မာသံစဉ်ချိန်းဝင် |
| ၄:၂၀ | ၅။ မျိုးချစ်တပ်မတော် |
| ၄:၃၀ | ၆။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု |
| ၅:၀၀ | ၇။ သာယာသီကြွေး ခေတ်ဆန်းတေး |
| ၅:၂၀ | ၈။ ဟော်ရွှေစရာ သရုပ်ဆောင်ကဗျာ |
| ၆:၀၀ | ၉။ မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၁၀ | ၁၀။ နိုင်ငံတကာသတင်း |
| ၆:၂၀ | ၁၁။ အမျိုးသားရေးတေးကဗျာ |
| ၆:၂၅ | ၁၂။ ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား |
| ၆:၄၅ | ၁၃။ လှပ်တစ်ပြက် |
| ၇:၀၀ | ၁၄။ **ရသစုံလင် ရှင်မြင်ဇာတ်လမ်း "ကြီးမြတ်သူတို့နလုံးသား" (အပိုင်း-၆)** |
| ၈:၀၀ | ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၆။ မိုးလေဝသသတင်း |
| | ၁၇။ လူရွှင်တော်ရွှေဇလား |
| | ၁၈။ အမျိုးသားရေးတေးကဗျာ |
| | ၁၉။ အင်္ဂလိပ်စာသုတ (English Usage) |
| | ၂၀။ ယနေ့အတွက် မြတ်ဗိသေးလက်ဆောင် |
| | ၂၁။ **ရသစုံလင် ရှင်မြင်ဇာတ်လမ်း "ဒဏ္ဍာရီထဲကပုံပြင်လေးတစ်ပုဒ်" (အပိုင်း-၃)** |
| | ၂၂။ သင့်အတွက်မနက်ဖြန် |
| | ၂၃။ အပိတ်နှုတ်ဆက်စကား |
| | ၂၄။ ပြီးပါပြီ။ |

## အာစရိယပူဇော်ပွဲကျင်းပနိုင်ရေးအတွက် အလျှူငွေများ ပေးအပ်

**ရန်ကုန် ဒီဇင်ဘာ ၂၆**

ရန်ကုန်စက်မှုတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်တို့၌ အချိန်ပြည့် အချိန်ပိုင်းတာဝန်ထမ်းဆောင်ခဲ့ကြသော ပြည်တွင်းပြည်ပ ဆရာ၊ ဆရာမကြီးများအား မြို့ပြအင်ဂျင်နီယာဘွဲ့ရ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ တတိယအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပနိုင်ရေးအတွက် အလျှူငွေပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၀ ရက်က ရန်ကုန်တက္ကသိုလ် လှိုင်နယ်မြေရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်မြို့မှ ကျောင်းသား၊ ကျောင်းသူဟောင်းများ လျှုဒါန်းငွေ ကျပ် ၅၃၆၀၀၀ ကို အလုပ်အမှုဆောင် ဦးကျော်ဌေးက လည်းကောင်း၊ နေပြည်တော်ရှိ ကျောင်းသား၊ ကျောင်းသူဟောင်းများ လျှုဒါန်းငွေ ကျပ် ၁၅ သိန်းကို ဒုတိယဥက္ကဋ္ဌ ဦးစန်းကြူက လည်းကောင်း၊ **(အပေါ်ပုံ)** ရေအားလျှပ်စစ်ဦးစီးဌာန ကျောင်းသားဟောင်းမှ လျှုဒါန်းငွေကျပ် ရှစ်သိန်းနှင့် တောင်ငူ၊ နေပြည်တော်ပျဉ်းမနားရှိ ကျောင်းသား၊ ကျောင်းသူဟောင်းများ လျှုဒါန်းငွေကျပ် ၁၄စ၀၀၀၀ ကို ဦးရဲမောင် (၉၄)ကလည်းကောင်း ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအုန်းကျော်ထံ ပေးအပ်လျှုဒါန်းသည်။ (ကြေးမုံ)

**ဒီဇင်ဘာ ၁၉ ရက်က အမတ(၄၅) မှ/လွန်(၀၆တစ်ရာ) ရွှေပြည်သာ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားတွင် ကျောင်းဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စေတနာ့ရှင်များ စုပေါင်းလှုဒါန်းသော ၂၁ လက်မ ရောင်စုံရုပ်မြင်သံကြားပြစက်နှင့် DVD ပြစက်တို့ကို အလျှုရှင်များကိုယ်စား ကျောင်းအကျိုးတော်ဆောင် အတွင်းရေးမှူး ဦးဝင်းက ရွှေပြည်သာမြို့နယ် ပညာရေးမှူး ဦးညွှန့်ရွှေထံ ပေးအပ်လှုဒါန်းစဉ်။** (ကြေးမုံ)

# ယူကရိန်းတွင် ပေါက်ကွဲမှုဖြစ်၊ ၂၇ ဦး သေဆုံး

**ရက်ဘတိုးရီးယား (ယူကရိန်း)**
**ဒီဇင်ဘာ ၂၆**

ယူကရိန်းနိုင်ငံ ပင်လယ်နက်အတွင်းမှ အပန်းဖြေမြို့ တစ်မြို့ဖြစ်သော ရက်ဘတိုးရီးယားတွင် လူနေအိမ်ခန်း တစ်ခု၌ ဒီဇင်ဘာ ၂၆ ရက်ညက ပေါက်ကွဲမှုတစ်ခုဖြစ်ခဲ့ရာ ၂၇ ဦး သေဆုံးပြီးအနည်းဆုံး ၁၀ ဦး ပျောက်ဆုံးနေကြောင်း ဒေသဆိုင်ရာ တာဝန်ရှိသူများက ကြာသပတေးနေ့တွင် ပြောကြားသည်။

ပေါက်ကွဲမှုကြောင့် အိမ်ခန်း ၃၅ ခန်းပါ အထပ်ငါးထပ်ရှိ အဆောက်အအုံ ပြိုကျခဲ့ရာ ကယ်ဆယ်ရေးသမားများနှင့် ဌာနေများက အပျက်အစီးပုံများကြားတွင်အသက်ရှင်လျက်ရှိသူများကို ရှာဖွေလျက်ရှိသည်။

ယူကရိန်းသမ္မတ ဗစ်တာယူချင်ကိုက ဒီဇင်ဘာ ၂၆ရက်ကို နိုင်ငံတော် ဝမ်းနည်းကြေကွဲသောနေ့ အဖြစ် သတ်မှတ်သည်။ ၎င်းသည် ဝန်ကြီးချုပ် ယူလီယာတိုင်ပိုင်ချင်ကိုနှင့်အတူ အခင်းဖြစ်ရာသို့ လာရောက်ကြည့်ရှုသည်။

ရုရှားသမ္မတ ဗီမီထရီမက်ဗီဒက်ဗ်က ထိုပေါက်ကွဲမှုအတွက် ဝမ်းနည်းကြောင်း သဝဏ်လွှာ ပေးပို့ပြီး ကယ်ဆယ်ရေးလုပ်ငန်းတွင် အကူအညီပေးရန်အတွက် ပင်လယ်နက် ရေတပ်ဖွဲ့က အဆင်သင့်ရှိကြောင်း ပြောကြားသည်။ ရက်ဘတိုးရီးယားသည် ယူကရိန်းနိုင်ငံ ပင်လယ်နက်အတွင်း ကရိမီးယားကျွန်းဆွယ်ရှိ ကျော်ကြားသော နေ့ရာသီ အပန်းဖြေစခန်းမြို့ဖြစ်သည်။ ဒေသဆိုင်ရာမြို့တော်ဆင်ဗီရိုပိုးလ်၏ အနောက်ဘက် ကီလိုမီတာ ၆၀ (မိုင် ၄၀)အကွာတွင် တည်ရှိသည်။

***အင်တာနက်။***

**ယူကရိန်း နိုင်ငံတွင် ဓာတ်ငွေ့ ပေါက်ကွဲမှု ကြောင့် ပြိုကျသွားသော အဆောက်အအုံအား ဖယ်ရှား ရှင်းလင်းနေသည်ကို ဒီဇင်ဘာ ၂၄ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# ဓာတ်ငွေ့ထုတ်လုပ်သူများ ဂျီအီးစီအက်ဗ် ပဋိညာဉ်ကို သဘောတူ

**မော်စကို ဒီဇင်ဘာ ၂၆**

ကာတာနိုင်ငံ ဒိုဟာမြို့၌ ဌာနချုပ်ဖွင့်လှစ်ထားရှိမည့် ဓာတ်ငွေ့တင်ပို့သောနိုင်ငံများဖိုရမ်(ဂျီအီးစီအက်ဖ်)အတွက် ပဋိညာဉ်စာတမ်းတစ်စောင်ကို ကမ္ဘာ့ဓာတ်ငွေ့ထုတ်လုပ်သူများက အင်္ဂါနေ့တွင် အတည်ပြုပေးခဲ့ပြီးဖြစ်ကြောင်း ရုရှားသတင်းဌာနများကဖော်ပြသည်။ အဆိုပါပဋိညာဉ်ကို ဓာတ်ငွေ့ထုတ်လုပ်သော နိုင်ငံများမှဝန်ကြီးများက သဘောတူကြသည်ဟု ရုရှားစွမ်းအင်ဝန်ကြီး ဘာဂီရှမက်ကိုက သတင်းစာရှင်းလင်းပွဲ ပြီးဆုံးချိန်တွင် ပြောကြားခဲ့သည်။

နောင်ကျင်းပမည့် ဖိုရမ်တွင် လုပ်ငန်းရုံးအဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းရေး၊ ဒိုဟာအခြေစိုက် အတွင်းရေးမှူးများ အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းရေးနှင့် အထွေထွေအတွင်းရေးမှူးတစ်ဦး ရွေးချယ်ရေးတို့ကို အတည်ပြုကြောင်း ရုရှားအီတာတပ်(စ်) သတင်းဌာနက ဖော်ပြသည်။ ဓာတ်ငွေ့ဈေးကွက်အခြေအနေနှင့် ပူးတွဲသုတေသနပြုရန် အဓိကရည်မှန်းချက် ချမှတ်ထားသော ဓာတ်ငွေ့ထုတ်လုပ်သူများသည် ရင်းနှီးမြှုပ်နှံမှုများဆိုင်ရာ သတင်းအချက်အလက်များဖလှယ်ရေးနှင့် ဈေးကွက်၊ နည်းပညာနှင့် သဘာဝဓာတ်ငွေ့ရည် ပြောင်းလဲခြင်းစသည့် နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်ရေးတို့ကို သဘောတူခဲ့သည်ဟု အီတာတပ်(စ်)သတင်းဌာနက ပြောကြားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

**အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားနေသည်ကို တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# ၂၀၀၈ ခုနှစ်တွင် အီရတ်ဒုက္ခသည် ၁၀၀၀၀ နေရာချထား

**အမ္မာန် ဒီဇင်ဘာ ၂၆**

အီရတ်နိုင်ငံမှ ကျော်ဒန်နိုင်ငံသို့ ထွက်ပြေးလာသော အီရတ်ဒုက္ခသည်များမှ ၁၀၀၀၀ နီးပါးသည် ၂၀၀၈ ခုနှစ်၌ တတိယနိုင်ငံတွင် အခြေချနေထိုင်ကြကြောင်း သည်ကျော်ဒန်တိုင်းပြည်(စ်)သတင်းစာက ဗုဒ္ဓဟူးနေ့တွင် ဖော်ပြသည်။

**ပြောကြား**

အဆိုပါအရေအတွက်တွင် အမေရိကန်ပြည်ထောင်စုသို့ သွားရောက်နေထိုင်သူ ၆၉၉၀ ခန့် ရှိကြောင်း ကျော်ဒန်နိုင်ငံရှိ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးမှ ကိုယ်စားလှယ်အင်ရန်ရိုက်ဇာက ပြောကြားသည်။

၂၀၀၇ ခုနှစ်တွင် နေရာပြန်လည်ချထားပေးသော အီရတ်လူမျိုးများ အရေအတွက်သည် ၈၀၀၀ ၌ ရပ်တန့်လျက်ရှိကြောင်း၊ ၂၀၀၆ ခုနှစ်၌ ရာဂဏန်းသာရှိကြောင်း ကုလသမဂ္ဂ တာဝန်ရှိသူတစ်ဦးထံမှ သိရှိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

**ကျော်ဒန်နိုင်ငံတွင် ခိုလှုံနေရသော အီရတ်ဒုက္ခသည် ၈ခန်းတစ်ခု အခြေအနေကို တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# အီရတ်တွင် အမေရိကန်တပ်ဖွဲ့ဝင် သုံးဦးသေဆုံး

**ဘဂ္ဂဒက် ဒီဇင်ဘာ ၂၆**

အီရတ်နိုင်ငံ အလယ်ပိုင်းတွင် မော်တော်ယာဉ်မတော်တဆ ဖြစ်ခြင်းကြောင့် အမေရိကန်တပ်ဖွဲ့ဝင် သုံးဦးသေဆုံးကြောင်းအမေရိကန်စစ်ဘက်၏ကြေညာချက်တွင်ဖော်ပြထားသည်။

ပင်တဂွန်မှ ကိန်းဂဏန်းများကို အခြေခံ၍ သတင်းဌာနများ၏ တွက်ချက်မှုအရ ၂၀၀၃ ခုနှစ် မတ်လက အမေရိကန်ဦးဆောင်၍ အီရတ်နိုင်ငံအား ဝင်ရောက်တိုက်ခိုက် ကတည်းက ထိုနိုင်ငံ၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်များ၏ အရေအတွက်သည် ၄၂၁၇ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# နိုင်ငံတကာ သတင်းမှတ်စု

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ရုရှားသမ္မတလက်မှတ်ထိုး

ရုရှားသမ္မတ ဒီမီထရီမက်ဗီဒက်ဗ်က ၎င်းသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ကြာသပတေးနေ့က လက်မှတ်ထိုးလိုက်ပြီဖြစ်ကြောင်း ပြောကြားသည်။

သမ္မတက ဥပဒေဘက်တော်သားများကို အဆိုပါ ဥပဒေအား စေ့ငုစွာလေ့လာရန်နှင့် လက်တွေ့အသုံးချရန် တိုက်တွန်းသည်။ နိုင်ငံရေးသမားများနှင့် အစိုးရတာဝန်ရှိ ပုဂ္ဂိုလ်များသည် ၎င်းတို့ဝင်ငွေနှင့် ပိုင်ဆိုင်ပစ္စည်းများ၊ ၎င်းတို့၏ဇနီး၊ ခင်ပွန်းနှင့်သားသမီးများဝင်ငွေ၊ ပိုင်ဆိုင်ပစ္စည်းများကို တိုင်းပြည်သို့ ကြေညာရန် ၎င်းဥပဒေက တောင်းဆိုထားသည်။

## ကုလသမဂ္ဂ ဘတ်ဂျက် ၁၇ ရာခိုင်နှုန်းတိုး

ကုလသမဂ္ဂ၏လက်ရှိ ၂၀၀၈-၂၀၀၉ ခုနှစ်အတွက် ရသုံးမှန်းခြေငွေစာရင်းကို ၄၃သမဝ၇ ဘီလီယံဒေါ်လာမှ ၄၅သမ၈၇ ဘီလီယံသို့ တိုးမြှင့်ခြင်းကို ကုလသမဂ္ဂအထွေထွေညီလာခံက ဗုဒ္ဓဟူးနေ့တွင် အတည်ပြုခဲ့သည်။ ၁၇ ရာခိုင်နှုန်းတိုးခြင်းဖြစ်ပြီး ဆူးနစ်နိုင်ငံ ဒါဖာဒေသပြိမ်းချမ်းရေးဆောင်ရွက်ရန်အတွက် ကုန်ကျမည့်စရိတ် ဒေါ်လာသန်း ၅၀၀ ပါဝင်ကြောင်းလည်း သိရသည်။

## ဂျပန်ကာကွယ်ရေးစရိတ် ဖြတ်တောက်မှု အတည်ပြု

ဂျပန်နိုင်ငံ၏ ၂၀၀၉ ခုနှစ် ကာကွယ်ရေးအသုံးစရိတ် ဖြတ်တောက်ရန် အစီအစဉ်ကို အစိုးရအဖွဲ့က ဒီဇင်ဘာ ၂၄ ရက်တွင် အတည်ပြုခဲ့သည်။

ကနဦး ၂၀၀၈ ဘဏ္ဍာရေးနှစ် ဘတ်ဂျက်တွင် ၄၇၇၄ ဒသမ ၁ ဘီလီယံယန်းမှ ဇပြီလတွင်စမည့် ၂၀၀၉ ဘဏ္ဍာရေးနှစ်အတွက် ကာကွယ်ရေးအသုံးစရိတ်ကို ၀ ဒသမ ၁ ရာခိုင်နှုန်း သို့မဟုတ် ၅ ဒသမ ၅ဘီလီယံယန်း လျှော့ချမည်ဖြစ်သည်။

ရေနံစျေးနှုန်း ကျဆင်းခြင်း၊ ဂျပန်ယန်းငွေ တန်ဖိုးတက်ခြင်းနှင့် လက်နက်များ အမြောက်အမြား ဝယ်ယူခြင်းမှ စရိတ်သက်သာခြင်းတို့ကြောင့် ကာကွယ်ရေးအသုံးစရိတ်ကို အစိုးရအဖွဲ့က ဖြတ်တောက်ခြင်းဖြစ်သည်။

## အီရတ်မှ နောက်ဆုံးဂျပန်တပ်ဖွဲ့ ထွက်ခွာ

အီရတ်နိုင်ငံက လေကြောင်းပို့ဆောင်ရေးတာဝန် ထမ်းဆောင်နေကြသည့် ကျန်ရှိနေသေးသော ဂျပန်နိုင်ငံ၏ ကာကွယ်ရေးတပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၂၇ရက်က ဂျပန်နိုင်ငံသို့ ပြန်လည်ထွက်ခွာသွားပြီဖြစ်သည်။

ဂျပန်တပ်ဖွဲ့ဝင် ၁၄၀ သည် ကူဝိတ်နိုင်ငံတွင် တပ်စွဲထားပြီး အလီအယ်လစလင်း လေတပ်စခန်းဌာနချုပ်မှ ထိုနေ့ နံနက်စောစောတွင် ထွက်ခွာပြီး နာဂိုယာလေဆိပ်သို့ နံနက် ၈ နာရီ မိနစ် ၃၀ခန့်တွင် ရောက်ရှိသည်။ အီရတ်တွင် လေကြောင်းပို့ဆောင်ရေးတာဝန်ကို လေးနှစ်နှင့် ကိုးလကြာ တာဝန်ယူထားခြင်းအား အဆုံးသတ်လိုက်ပြီဖြစ်သည်။ တပ်ဖွဲ့များကို ကူဝိတ်နိုင်ငံမှ ဒီဇင်ဘာ ၁၅ ရက်တွင် စတင်ရုပ်သိမ်းခြင်းဖြစ်သည်။

## ယူဂန္ဒာတိုက်လေယာဉ် ကွန်ဂိုတွင် ပျက်ကျ

ယူဂန္ဒာနိုင်ငံက ၎င်း၏ တိုက်လေယာဉ်တစ်စင်းသည် ကွန်ဂိုနိုင်ငံတွင် ပျက်ကျသွားကြောင်း ဒီဇင်ဘာ ၂၄ ရက်နေ့က ပြောကြားသည်။ အာဖရိကတိ၏ အကြာမြင့်ဆုံးသော ပြဿနာအရှည်အထွေးကို အဆုံးသတ်ရန်ကြိုးစားသောအားဖြင့် ယူဂန္ဒာ၊ ကွန်ဂိုနှင့် ဆူးနစ်တောင်ပိုင်းတပ်ဖွဲ့များသည် ကွန်ဂို နိုင်ငံ အရှေ့ပိုင်းတွင် သူပုန်များကို ရှာဖွေနှိမ်နင်းလျက်ရှိသည်။

## ဖိလစ်ပိုင်တောင်ပိုင်းတွင် ငလျင်လှုပ်

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းတွင် ၆ ဒသမ ၂ ရစ်ချ်တာစကေးပြင်းအား ရှိသော ငလျင်သည် ဒီဇင်ဘာ ၂၅ ရက်က လှုပ်သွားကြောင်း အမေရိကန် ဘူမိဗေဒလေ့လာရေးဌာန ယူအက်စ်ဂျီအက်စ်က ပြောကြားသည်။

အဆိုပါငလျင်ကြောင့် အပျက်အစီးနှင့် အသေအပျောက်သတင်း လိုင်းလုံးများကြီးလာခြင်းနှင့် ဆုနာမီဖြစ်ပေါ်ခြင်း သတင်းများကို လက်ခံရရှိခြင်း မရှိကြောင်း သိရသည်။ မြို့တော်မနီလာ၏ အရှေ့တောင်ဘက် မိုင် ၆၈၀အကွာ ဂျင်နရယ်ဆန်းတို့စ်၏ အရှေ့တောင်ဘက် ၃၅မိုင် အကွာကို ဗဟိုပြုပြီး နံနက် ၁၁နာရီ မိနစ် ၂၀၌ ပင်လယ်ကြမ်းပြင်အောက် ၁၃၉ မိုင်အနက်၌ လှုပ်ခတ်ခြင်းဖြစ်သည်ဟု ယူအက်စ်ဂျီအက်စ်က ပြောကြားသည်။

**စုစည်းဘာသာပြန်ဆိုသူ - သန်းလွင်**

# မွေးမြူစိုက်ပျိုး စီးပွားတိုး(၃)

ကျော်ရဲမင်း




ကျော်။ ။ လူတိုင်းသိသလိုလို၊ မသိသေးတာတွေ ရှိသေးတယ်ဗျ။ မောင်တိုးပြောသလို ငါးကိုဖော်စားရုံ၊ ဇာတ်လမ်းက မဆုံးသေးဘူး။ သူတို့က ငါးတွေရဲ့ စွန့်ပစ်ပစ္စည်းကိုပါ ပြန်ပြီးအသုံးချသေးတယ်။ ငါးတွေရဲ့ စွန့်ပစ်ပစ္စည်းတွေဟာ အခြားမွေးမြူရေးတိရစ္ဆာန် စွန့်ပစ်ပစ္စည်းများနည်းတူ ဓာတုပစ္စည်းပါဝင်မှု တူညီတဲ့အတွက် စိုက်ပျိုးရေးလုပ်ငန်းမှာ ဓာတ်မြေသြဇာအဖြစ် အသုံးပြုနိုင်တယ်လို့ဆိုတယ်။ အသုံးပြုပုံကတော့ ငါးချေးတွေဟာ ရေထဲမှာ ပျော်ဝင်သွားပြီဖြစ်တဲ့အတွက် အဲဒီရေဟာ အာဟာရဓာတ် သိပ်ကိုကြွယ်ဝနေတယ်လေ။ အဲဒီရေနဲ့ ခြောက်သွေ့တဲ့ရာသီမှာ စိုက်ခင်းတွေကို လောင်းပေးခြင်းအားဖြင့် စိုက်ခင်းတွေ ပိုပြီးကောင်းလာစေတယ်ဆိုပဲ။

အေး။ ။ တယ်လဲ အကွက်စေ့ပါလားကွာ။

ကျော်။ ။ ဒါတင်ဘယ်ကဦးမလဲဗျာ။ အဲဒီ ငါးစွန့်ပစ်ပစ္စည်းတွေဟာ ရေကန်ထဲမှာရှိတဲ့ သစ်ပင်တွေကို ကောင်းစွာရှင်သန်ကြီးထွားစေနိုင်တဲ့အတွက် သူတို့ဆီမှာ Water Spinach(. . . )ဆိုတဲ့ အပင်တွေကို ရေထဲမှာစိုက်ထားကြတယ်ဆိုပဲ။ ဒီအပင်တွေကို သူတို့က စွပ်ပြတ်လုပ်ပြီး စားလေ့ရှိကြသတဲ့။ ဒုံအပြင် ယုန်မွေးမြူရေးအတွက် ယုန်စာအဖြစ်လည်း သုံးကြတယ်လေ။ ပြောရရင် ယုန်ကထွက်လာတဲ့ စွန့်ပစ်ပစ္စည်းဟာလည်း တစ်ဝက်တစ်ပျက် ချေဖျက်ထားတာဖြစ်လို့ မြေသြဇာအဖြစ် ကောင်းကောင်းကြီး အသုံးပြုနိုင်တယ်လို့ သိရတယ်။

သာ။ ။ မှတ်သားလောက်ပါပေရဲ့ဗျာ။ နောက်ဘာတွေများ ရှိကိန္နိုက်ချွတ်ချွတ် လုပ်ကြဦးမှာလဲ။ ဆက်ပါဦး ကိုကြီးကျော်ရေ။

ကျော်။ ။ ရှိကိန္နိုက်ချွတ်ချွတ်ရယ်တော့ မဟုတ်ဘူးပေါ့ကွာ။ ဒါပေမယ့် သူတို့ဆီမှာ လုပ်လို့ရတာ အကုန်လုပ်ကြရတဲ့ အနေအထားမျိုးလို့ ဆိုရမှာပါပဲ။ ပြောရရင် စပါးရိတ်သိမ်းပြီးလို့ရလာတဲ့ ကောက် ရိုး ကို တောင် အလကားမထားဘဲ မြို့စိုက်ပျိုး ထုတ်လုပ်မှုတွေလုပ်ကြတယ်ဆိုပဲ။ ကောက်ရိုးမှာပါတဲ့ Lignin သို့မဟုတ် Cellulose တွေကို တိရစ္ဆာန်တွေက ကျေညက်အောင် ချေဖျက်နိုင်ခြင်း မရှိကြဘူးလို့ ဆိုတယ်။ ဒါပေမယ့် ကောက် ရိုး မှိုလို မှိုအမျိုးအစားတွေကတော့ ကောက်ရိုးမှာပါတဲ့ အဲဒီ Lignin ဓာတ်ကို ချေဖျက်ပြီး ပိုမိုအာဟာရဓာတ်ကြွယ်ဝအောင် ဆောင်ရွက်ပေးနိုင်တဲ့အတွက် အထူးကောင်းမွန်တဲ့ မြေသြဇာကို ရရှိနိုင်တယ်။ တစ်ဖက်မှာလည်း ကောက်ရိုးကို အသုံးပြုပြီး မှိုစိုက်ပျိုးထုတ်လုပ်တဲ့အတွက် မိသားစုစားသုံးနိုင်သလို ရောင်းချခြင်းဖြင့် ဝင်ငွေလည်း ရရှိနိုင်တယ်။ ကောက်ရိုးကို နှစ်ကြိမ်တိုင်တိုင် မှိုစိုက်ပြီးမှ မြေသြဇာအဖြစ် သုံးတယ်။ ပြောရရင် ကောက်ရိုးရဲ့အသုံးဝင်မှုဟာ နောက်ဆုံးမြေသြဇာအဆင့်အထိမရောက်မီ မှိုနှစ်ကြိမ် စိုက်ပျိုးပြီး ထိထိရောက်ရောက် အသုံးချနိုင်ခဲ့တာကို တွေ့ရမှာဖြစ်တယ်။

အေး။ ။ ဟုတ်ပါရဲ့ဗျာ။ တို့လည်း ကောက်ရိုးပုံကြီးတွေကြားမှာ သွားလာလှုပ်ရှားစားသောက်နေပေမယ့် ကောက်ရိုးကို ဒီလောက်အထိ အကျိုးရှိအောင် မသုံးဖြစ်ခဲ့သေးတာ အမှန်ပဲဟေ့။



**Integrated Farming စနစ် လည်ပတ်မှုပုံစံ**

(က) ***နွားချေးအသုံးချပုံ***။ *နွားချေးအချို့ကို ဘိုင်အိုဂက်စ်ယူနစ်အတွင်းသို့ ပို့ပေးသည်။ ၎င်းမှထွက်ရှိလာသော မီသိန်းဓာတ်ငွေ့ကို ထမင်း၊ ဟင်း ချက်ပြုတ်ရန်အတွက် အသုံးပြုသည်။ ကျန်နွားချေးများကို တီကောင်မွေးမြူရေးနှင့် စိုက်ပျိုးရေးတို့အတွက် အသုံးပြုသည်။*

(ခ) ***တီကောင်များအသုံးချပုံ***။ *တီကောင်မှရရှိသော မြေဆွေးကို စိုက်ပျိုးရေးအတွက် အသုံးပြုသည်။ ၎င်းအပြင် ကြက်စာ၊ ဘဲစာအဖြစ် ကျွေးမွေးသည်။ ၎င်းအပြင် ငါးစာအဖြစ်လည်း အသုံးချသည်။*

(ဂ) ***ကောက်ရိုးအသုံးချပုံ***။ *မီးရှို့ပစ်မည့်အစား၊ အလဟသဖြစ်စေမည့်အစား ဈေးကောင်းရသော မှိုစိုက်ပျိုးထုတ်လုပ်ရေးအတွက် အသုံးပြုသည်။ ကောက်ရိုးကို တိရစ္ဆာန်အစာအဖြစ်လည်းကောင်း၊ ကောက်ရိုးမြေဆွေးအဖြစ်လည်းကောင်း အသုံးပြုသည်။*

(ဃ) ***ငါးမွေးမြူရေး(တီလားပီးယား)***။ *ရေထဲသို့ကျလာသော အစာများ၊ ဆိတ်ချေးများကို အစာအဖြစ် စားသောက်သည်။ ငါးမှစွန့်ပစ်သော ငါးချေးသည် ရေကိုအာဟာရဓာတ် ပိုမိုကြွယ်ဝစေသည်။ ၎င်းရေကို မွေးမြူရေးအစာများ စိုက်ပျိုးရာ၌ အသုံးပြုသည်။ အာဟာရဓာတ်ပါရှိသော ၎င်းရေကို နွေရာသီ၌ ဥယျာဉ်များအတွက် လောင်းသောရေအဖြစ် အသုံးပြုသည်။*

တိုး။ ။ အားမနာတမ်း ကိုယ့်ကိုယ်ကိုယ်ဝေဖန်ရရင် ကောက်ရိုးမှ သာမဟုတ်ပါဘူးဗျာ၊ ဘာကိုမှ ထိထိရောက်ရောက် မဖြေင်းမချနိုင်ခဲ့သေးတာ ဝန်ခံရမှာပါပဲ။ ကျွန်တော်တို့ဆီမှာတော့စိုက်စရာ၊ ပျိုးစရာမြေကလည်း ပေါ၊ ရေကလည်း အလျှံအပယ်၊ စားနပ်ရိက္ခာကလည်း အပြည့်ဆိုတော့ ဒီလောက်အထိ စေ့စေ့စပ်စပ် မခြွင်းမချန်သုံးပြီး စီးပွားတိုးတက်အောင်လုပ်ဖို့ မေ့လျော့နေကြတာ မဆန်းလှပါဘူး။ တကယ်တော့ ကျွန်တော်တို့လည်း တကယ်လုပ်မယ်ဆိုရင် Integrated Farming ကို မလုပ်နိုင်စရာ ဘာရှိမလဲဗျာ။

သာ။ ။ မှန်တာပေါ့ဗျာ။ တကယ်ဖြစ်ချင် တကယ်လုပ် အဟုတ်ဖြစ်ရမှာပေါ့။

ကျော်။ ။ တကယ်လုပ်မယ့်သူတွေအတွက် Integrated Farming သံသရာ လည်ပတ်မှုလေးကိုလည်း သိစေချင်သေးတယ်၊ နံပါတ်(၁) နွားချေးကိုပဲ ကြည့်ရအောင်၊ နွားချေးအချို့ကို Biogas Unit ဆီကို ပို့ပြီး ထွက်လာတဲ့ မီသိန်းဓာတ်ငွေ့နဲ့ ထမင်းဟင်းချက်ဖို့ သုံးတယ်။ ကျန်တဲ့နွားချေးကို တီကောင်မွေးမြူရေးနဲ့ စိုက်ပျိုးရေးအတွက် သုံးတယ်။ နံပါတ်(၂) တီကောင်ကိုတော့ ကြက်စာ၊ ဘဲစာအဖြစ် ကျွေးတယ်။ ငါးစာအဖြစ်လည်း သုံးတယ်။ တီကောင်ကရတဲ့ မြေဆွေးကို စိုက်ပျိုးရေးအတွက် သုံးတယ်။ နံပါတ်(၃)ကောက်ရိုးကို ကြည့်မယ်ဆိုရင်လည်း အလဟသဖြစ်ခံမယ့်အစားဈေးကောင်းရတဲ့ မှိုစိုက်ပျိုးထုတ်လုပ်ရေးအတွက် သုံးတယ်။ တိရစ္ဆာန်အစာအဖြစ်လည်း သုံးတယ်။ မှိုနှစ်ကြိမ်စိုက်ပြီးတဲ့အခါ ကောက်ရိုးမြေဆွေးအဖြစ် သုံးတယ်။ နံပါတ်(၄)ဖြစ်တဲ့ တီလားဗီးယားငါးမွေးမြူရေးကို ကြည့်လိုက်ပြန်တော့ ဒီငါးတွေဟာ ရေထဲကိုကျလာတဲ့ အစာတွေ၊ ဆိတ်ချေးတွေကို စားတယ်၊ ငါးကစွန့်ပစ်တဲ့ ငါးချေးဟာ ရေကိုအာဟာရဓာတ် ပိုမိုကြွယ်ဝစေတဲ့ အတွက် စိုက်ပျိုးရေးမှာသုံးတယ်။ အဲဒီတော့ တစ်ခုချင်းစီရဲ့ လည်ပတ်မှုစနစ်တိုင်းမှာ ဘာအလေအလွင့် ပစ္စည်းမှမရှိတာကို ထူးထူးခြားခြား တွေ့ရမှာဖြစ်တယ်။ သိပ်ကို အကျိုးစီးပွား ဖြစ်ထွန်းစေတဲ့ စနစ်ပါပဲ။

သာ။ ။ ကိုကြီးကျော်ပြောသလိုပဲ။ ဘာအလေအလွင့်မှကို မရှိအောင် စနစ်တကျ သုံးသွားတာပဲနော်။

ကျော်။ ။ အလေအလွင့်မရှိအောင် စနစ်တကျ လုပ်နိုင်တာကတော့ တကယ့်ကို အတုယူလောက်တယ် ကိုသာယာရေ။ အိမ်တိုင်းလိုလိုမှာ စွန့်ပစ်တဲ့ အသီးအရွက်တွေ၊ စွန့်ပစ်သစ်သီးဝလံတွေ လယ်ကွင်းစိုက်ခင်းတွေက ထွက်ရှိတဲ့ စွန့်ပစ်ပစ္စည်းတွေကိုတောင် မြေကျင်းတို့၊ လှောင်ကန်တို့ထဲမှာ စုစည်းပြီး လှောင်ထားကြသတဲ့၊ အဲဒီလိုစုစည်းမှုကြောင့် အော်ဂဲနစ်ဓာတ်ပြုမှုတွေဖြစ်ပြီး တီကျစ်စာ၊ ကောက်ရိုးဆွေးတို့လိုပဲ အဖိုးတန်တဲ့ သဘာဝမြေသြဇာတွေအဖြစ် ပြောင်းလဲ အသုံးချကြ

စာမျက်နှာ ၇ ကော်လံ ၁ သို့ ➤

# စင်ကာပူနိုင်ငံ ITE ကျောင်းသို့ လျှောက်ထားနိုင်သော အခွင့်အရေး

ရန်ကုန် ဒီဇင်ဘာ ၂၆

**SHINE Universal Services သည် စင်ကာပူနိုင်ငံ၌ ပညာသင်ကြားလိုသော ကျောင်းသူ၊ ကျောင်းသားများအတွက် သက်ဆိုင်ရာရည်မှန်းချက် အသီးသီးသို့ရောက်ရှိစေရန်နှင့် အဆင်ပြေချောမွေ့မှု ရှိအောင် ဝန်ဆောင်မှုမျိုးစုံပေးအပ်နေသော အဖွဲ့အစည်းဖြစ်သည်။**

စင်ကာပူနိုင်ငံသို့ သွားရောက်၍ ပညာသင်ကြားခြင်း မပြုမီနှင့် စင်ကာပူနိုင်ငံသို့ ရောက်ရှိ၍ ပညာသင်ကြားနေစဉ်ကာလအတွင်း အပိုင်းအခြားနှစ်ခုလုံး၌ စေတနာထား၍ လိုအပ်သော ပညာရေးဝန်ဆောင်မှုများကို အပြည့်အဝ ဆောင်ရွက်ပေးကာ ကျောင်းသားနှင့်မိဘများ၏ ယုံကြည်မှုကိုရယူနေသည့်အပြင် လစဉ် ပညာရေးဆွေးနွေးပွဲများ(Seminars)၊ လုပ်ငန်းပိုင်းကျွမ်းကျင်မှုဆိုင်ရာသင်တန်းများ (Workshops)တို့ကို အဆက်မပြတ်စီစဉ်တင်ဆက်ရင်း ကျောင်းသားများ၏ လိုအပ်ချက်ကိုဖြည့်ဆည်းပေးလျက်ရှိသည်။

၂၀၀၉ ခုနှစ် ဇန်နဝါရီလအတွင်း၌ နှစ်ဦး အထူးအစီအစဉ်အနေဖြင့် စင်ကာပူနိုင်ငံ ITE(Institute of Technical Education) ကျောင်း၏ ဧပြီလ၌ ဖွင့်လှစ်မည့် အသက်မွေးဝမ်းကျောင်း ဘာသာရပ်များကို လျှောက်ထားနိုင်မည့် အခွင့်အရေးဖြစ်သည်။

ITE ကျောင်းသည် စင်ကာပူနိုင်ငံ၌ ၁၉၉၂ ၌ စတင် တည်ထောင်၍ စက်မှုလုပ်ငန်းများနှင့် ဝန်ဆောင်မှုမျိုးမှ လိုအပ်သော အရည်အချင်းမီ ကျွမ်းကျင်ပညာရှင်များကို နှစ်စဉ်မွေးထုတ်ပေးနေသော ကျောင်းကြီးဖြစ်သည်။ ကျောင်းခွဲပေါင်း ၁၀ ကျောင်းကျော် ရှိ၍ ၂၀၀၇ ခုနှစ်၌ Inaugural Global Harvard- IBM Innovations Award in Transforming Government ဆုကိုပေးအပ်ချီးမြှင့်ခြင်းခံခဲ့ရသည်။

Engineering, Business, IT, Accounting, Service Skills, Digital Media, Beauty Therapy, Aerospace Avionics, Lighting & Sound Technology, Hospitality, Logistics Management, Event and Sport Management, Early-Childhood Education စသည့် ဘာသာရပ်များအပြင် အသက်မွေးဝမ်းကျောင်း ဘာသာရပ်အများအပြားကို အစဉ်ပြောင်းလဲနေသော Global Economic ရေဒီး၏ လိုအပ်ချက်အတိုင်း ITE ကျောင်းများမှ သင်ကြားပေးလျက်ရှိသည်။

ITE ကျောင်းများ၏ အမှတ်အသားသဖွယ်ဖြစ်သော "Hands-on, Minds - on, Hearts- on" ဆိုသော သတ်မှတ်ချက်များနှင့်အညီ လက်တွေ့ကျွမ်းကျင်မှုရှိ၍ တီထွင်ဖန်တီးနိုင်သော ဉာဏ်ရည်ဉာဏ်သွေးများနှင့် ပြည့်စုံသော ကျောင်းသားများအား စနစ်တကျ လေ့ကျင့်သင်ကြားပေး၍ NITEC (National Institute of Technical Education Certificate) နှင့် Higher NITEC များကို ချီးမြှင့်ပေးအပ်လျက်ရှိသည်။ ထူးချွန်စွာ အောင်မြင်၍ Academic Way သွားချင်သူများအတွက်လည်း မိမိသင်ကြားခဲ့သော ဘာသာရပ်အလိုက် Polytechnic ကျောင်းများသို့ တက်ရောက်သင်ကြားနိုင်သည့် အခွင့်အရေးလည်း ရရှိမည်ဖြစ်သည်။

လက်တွေ့ကျကျ တီထွင်ဖန်တီးနိုင်စွမ်းဖြင့် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှုများကို သင်ယူ၍ အစဉ်အမြဲပြောင်းလဲနေသော Globalization ခေတ်ကြီးထဲသို့ တိုးဝင်နေရာယူလိုသော လူငယ်များအတွက် ITE ကျောင်းဝင်ခွင့် လျှောက်ထားမှုကို ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၂ ရက်မှ ဇန်နဝါရီ ၃၀ ရက်အတွင်း SHINE မှ တာဝန်ယူ ဆောင်ရွက်ပေးမည်ဖြစ်သည်။

အသေးစိတ်အချက်အလက်များကို သိရှိလိုပါက SHINE Universal Services Co.,Ltd. အမှတ် (၃၈/၄၀) ဗိုလ်ရာညွှန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း- ၃၉၃၀၄၁ သို့ ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ရန်ကုန်မြို့မှ မျက်စိအထူးကု ဆရာဝန်ကြီးများနှင့်အဖွဲ့ သံတွဲနှင့် တောင်ကုတ်မြို့နယ်ရှိ မျက်စိဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသ

ရန်ကုန် ဒီဇင်ဘာ ၂၆

**ရန်ကုန်မြို့မှ မျက်စိအထူးကုဆရာဝန်ကြီးများဖြစ်ကြသည့် ပါမောက္ခ ဒေါက်တာဦးကံညွန့်၊ ပါမောက္ခ ဒေါက်တာ ဦးကိုကိုတင် ခေါင်းဆောင်သော မျက်စိအထူးကုအဖွဲ့သည် ဒီဇင်ဘာ ၂၀ ရက်မှ ၂၅ ရက်အထိ ရခိုင်ပြည်နယ် သံတွဲမြို့နယ်နှင့် တောင်ကုတ်မြို့နယ်တို့ရှိ မျက်စိဝေဒနာရှင် ၁၂၂၆ ဦးနှင့် အတွင်းတိမ်လူနာ ၂၃၂ ဦးတို့အား အခမဲ့ခွဲစိတ်ကုသပေးခဲ့ကြောင်း သိရှိရသည်။**

အဆိုပါ အဖွဲ့တွင် မျက်စိဆရာဝန်ငါးဦး၊ သူနာပြုဆရာမ ငါးဦးတို့ပါဝင်ကြပြီး ဒီဇင်ဘာ ၂၀ ရက်မှ ၂၂ ရက်အထိ သံတွဲမြို့၊ ငပလီကမ်းခြေမြင့်ကျေးရွာရှိ ပြည်ထောင်စု သမ္မတ ဂျာနယ်နိုင်ငံမှ မျက်စိစိတ်ကုသ ဆရာဝန်ကြီး ဒေါက်တာဦးမောင်မောင်မြ လျှုဒါနိုးထားသည့် မျက်စိအထူးကုဆေးခန်း၌ ပြင်ပလူနာ ၆၁၆ ဦးကို ကြည့်ရှုပေးပြီး အတွင်းတိမ်လူနာ ၁၂၀ ဦးအား အခမဲ့ခွဲစိတ်ပေးကြောင်းသိရှိရသည်။ အလားတူ ဒီဇင်ဘာ ၂၃ ရက်မှ ၂၅ ရက်အထိ တောင်ကုတ်မြို့နယ် ပြည်သူ့ဆေးရုံ၌ ပြင်ပလူနာ ၆၁၀ အား ကြည့်ရှုပေးပြီး အတွင်းတိမ်လူနာရှင် ၁၁၀ ဦးအားအခမဲ့ ခွဲစိတ်ပေးခဲ့ကြသည်။

ယခုကဲ့သို့ ခွဲစိတ်ကုသပေးနိုင်ရေးအတွက် ရန်ကုန်မြို့ Mother Trading မှ ဦးအောင်မြတ်၊ သံတွဲမြို့ ငပလီကမ်းခြေ Silver Beach Hotel မှ ဦးကြည်လင်း၊ တောင်ကုတ်မြို့မှ ကုန်သည်ကြီး ဦးကျောက်တောင်၊ ရန်ကုန်မြို့ ဘောက်ထော်ရပ်မှ ဒေါ်သန်းငွေ၊ သမီးဒေါက်တာဒေါ်ကြည်ကြည်ငွေ မိသားစုနှင့် မျက်မမြင်ကာကွယ်ရေးနှင့် မျက်ခမ်းစပ်ရောဂါ တိုက်ဖျက်ရေးဌာနတို့က စုပေါင်းလျှုဒါန်းခဲ့ကြကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

# နွေင်ဂေါ်သစ် တည်ကြမည်

* **တိုင်းကျိုးပြည်ကျိုး၊ ဒို့အကျိုးဟု သယ်ပိုးစိတ်မှတ်၊ ထမ်းဆောင်အပ်သည် မြင့်မြတ်နှလုံး ကိုယ်စီနှင့်။**
* **ချမှတ်ပြဋ္ဌာန်း၊ ညီစည်းကမ်းနှင့် ခြေလှမ်းမပျက်၊ ရှေ့သို့ဆက်မည် ထက်သန်စိတ်ရင်း ညီစွာနှင့်။**
* **တည်ကြည်ခိုင်မြဲ၊ စွဲသန္ဓိဌာန် မှန်ကန်စိတ်ဓာတ်၊ ကြံ့ခိုင်အပ်သည် ရပ်တည်ခံယူ မှန်စွာနှင့်။**
* **မပြိုမကွဲ၊ သတ္တိဇွဲတူ မြင့်မြတ်သူများ၊ စိတ်ခွန်အားနှင့် နိုးကြားထက်သန်၊ သောင်းမျှရံလျက် နိုင်ငံတော်သစ် တည်ကြမည်။ ။**

**ရှင်းသန့်ချို**

# လောင်စာတွေကိုရှင်း မီးဘေးအန္တရာယ်ကင်း

**➤ စာမျက်နှာ ၆ ဆောင်းပါးမှအဆက်**

တယ်လို့သိရတယ်။ စနစ်တကျ သုံးတတ်တော့လည်း စွန့်ပစ်ပစ္စည်းတောင်အကျိုးရှိတဲ့ သွင်းအားစုတစ်ခု အဖြစ် ပြောင်းလဲသွားစေနိုင်တာပေါ့ကွာ။

အေး။ ။ ဒါနဲ့ စကားမစပ် ဗီယက်နမ်မှာ အဲဒီစနစ်နဲ့ ပတ်သက်ပြီး ဘယ်လောက်အထိ တိုးတက်ပြောင်းလဲမှုရှိလာသလဲ ဆိုတာကိုရော ပြောပြပေးပါဦးဗျာ။

ကျော်။ ။ ဗီယက်နမ်နိုင်ငံမှာ ဒီစနစ်ကို စတင်စမ်းသပ်ခဲ့ပြီး နောက်ပိုင်း ဘယ်လိုအကျိုးသက်ရောက်မှုတွေ ရှိတယ်ဆိုတာကို ပညာရှင်တွေက လေ့လာမှုတွေပြုလုပ် ခဲ့တယ်ဆိုပဲဗျ။ ၂၀၀၂ ဒီဇင်ဘာလမှာ အိမ်ထောင်စု ၉၀၊ ၂၀၀၄ ဒီဇင်ဘာလမှာ အိမ်ထောင်စု ၈၀ ကို Integrated Farming စနစ် ဆောင်ရွက်မှုကြောင့် ဘယ်လိုတိုးတက်ပြောင်းလဲလာခဲ့သလဲ ဆိုတာကို လေ့လာစေခဲ့တယ်။ ဒီစနစ်ဟာ ကျေးလက်ပြည်သူတွေ အကြားမှာ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေပြီး တိုးတက်မှုတွေလည်း တွေ့ခဲ့ရတယ်လို့ ဆိုပါတယ်။ အရင်က စပါးစိုက်ပျိုးရေးကိုသာ အဓိကထား ဆောင်ရွက်ခဲ့တဲ့ မဲခေါင်မြစ်ဝှမ်းဒေသမှာ Integrated Farming စနစ်ကို အကြီးအကျယ် ပြောင်းလဲဆောင်ရွက်နေကြပြီ။ ဒါကြောင့်လည်း စိုက်ပျိုးရေး၊ ငွေးမြူရေး ဒွန်တွဲဖော်ဆောင်ပြီး လယ်သမားများအနေနဲ့ ဘက်ပေါင်းစုံက ဝင်ငွေအကျိုးအမြတ်တွေ ရခဲ့ပါတယ်။ ဒါပေမယ့် နည်းပညာဆိုင်ရာ ပံ့ပိုးပေးနိုင်မှုနဲ့ ချေးငွေထောက်ပံ့ပေးနိုင်မှုဟာ ဒေသတစ်ခုနဲ့တစ်ခု မတူညီတဲ့ အတွက် ထိရောက်အောင်မြင်မှုလည်း အမျိုးမျိုးကွဲပြားနေသေးတယ်လို့ ကြားရတာပါပဲ။ ဘာပဲဖြစ်ဖြစ် Integrated Farming စနစ် ဆောင်ရွက်မှုကြောင့် တောင်သူလယ်သမားတွေရဲ့ ဝင်ငွေရရှိမှု၊ လူနေမှု အဆင့်အတန်းနဲ့ ပညာရေးစနစ်တွေ တိုးတက်မြင့်မားလာတယ်လို့ ဆိုကြပါတယ်။

အခုတော့ လယ်သမားတွေကိုသာမက ကလေးသူငယ်တွေကိုပါ Integrated Farming ကို အကျွမ်းတဝင်ဖြစ်ပြီး အလေ့အထတစ်ခုလို စွဲမြဲနေအောင် လေ့ကျင့်ပညာပေးမှုတွေ လုပ်နေပြီဗျ။ Can Tho City ဆိုတဲ့ မြို့ရဲ့အပြင်ဘက် ငါးမိုင်ခန့်အကွာမှာရှိတဲ့ Social Protection Institute ဆိုတဲ့ သင်တန်းကျောင်းလေးမှာ Heifer Vietnam ရဲ့ ပံ့ပိုးကူညီမှုနဲ့ ကျေးလက်ပြည်သူများရဲ့ ရင်သွေးဖြစ်တဲ့ ကလေးသူငယ်တွေကို Integrated Farming စနစ်နဲ့ အကျွမ်းတဝင်ဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပေးနေတယ်ဆိုပဲ။ အဲဒီသင်တန်းကျောင်းဟာ သူတို့နိုင်ငံမှာရှိတဲ့ အိုးမဲ့အိမ်မဲ့ကလေးသူငယ်တွေ၊ AIDS ကြောင့် မိဘမဲ့ဖြစ်ရတဲ့ ကလေးသူငယ်တွေ၊ ကလေးအလုပ်သမားတွေ၊ အမမှတ်ပြုကျင့်ခံရတဲ့ ကလေးသူငယ်တွေ၊ မူးယစ်ဆေးဝါးစွဲနေတဲ့ လူငယ်တွေကို ခေါ်ယူလက်ခံထားပြီး အခြေခံပညာရေးကို သင်ကြားလေ့ကျင့်ပေးတဲ့ ကျောင်းတစ်ကျောင်းပါပဲ။ အခြေခံပညာအပြင် လယ်ယာစိုက်ပျိုးရေးဆိုင်ရာသင်တန်းတွေ၊ တီဗီမွန့်မော်တာစက် အငယ်စားများပြုပြင်တဲ့ သင်တန်းတွေကိုလည်း သင်ကြားပေးတယ်လို့ ဆိုပါတယ်။

အဲ့ဒီသင်တန်းကျောင်းမှာ စိုက်ပျိုးရေး၊ ငါးမွေးမြူရေးနဲ့ ဆိတ်မွေးမြူရေးတို့ကို ပေါင်းစည်းဆောင်ရွက်ထားတဲ့ Integrated Farming စနစ်တစ်ခု ထူထောင်ဆောင်ရွက်ထားတယ်လို့ဆိုတယ်။ သင်တန်းကျောင်းမှာရှိတဲ့ လူငယ်များဟာ ငါးကန်၊ ဆိတ်ခြံ၊ စိုက်ပျိုးရေးပေါင်းစည်းထားတဲ့ အသေးစား Integrated farming စနစ်ကို လက်တွေ့ဆောင်ရွက်ကြပြီး အကျိုးအမြတ်ရှိတယ်ဆိုတာကို နားလည်ယုံကြည်လက်ခံလာအောင် လေ့ကျင့်စည်းရုံး သင်ကြားပေးကြတယ်။ ကလေးတွေကလည်း ဒီစနစ်အပေါ် လုပ်ရင်လုပ်သလောက် အကျိုးခံစားရမှန်းသိတော့ အောင်မြင်တယ်လို့ ဆိုရမှာပေါ့။

အေး။ ။ အင်း. . . ကောင်းပါလေ့ဗျာ။ ဘာပဲဖြစ်ဖြစ် လုပ်ရင်တော့ လုပ်သလောက် အကျိုးခံစားရမှာပေါ့ကွာ၊ တို့လယ်သမားတွေ လူမှုစီးပွားဘဝမြင့်မားစေဖို့အတွက် အတုယူသင့်တဲ့ စနစ်ပါပဲ။

တိုး။ ။ မှန်တာပေါ့ ဦးကြီးအေးရယ်။ သူတို့တောင် လုပ်နိုင်ကြသေးရင် ကျွန်တော်တို့လည်း မလုပ်နိုင်စရာ ဘာရှိမှာလဲ။

သာ။ ။ ကျွန်တော်တို့ဆီမှာလည်း စိုက်တာရော မွေးတာပါ တွဲဖက်ပြီး လုပ်နေကြတာပါပဲ။ ဒါပေမယ့် ဒီ Integrated Farming စနစ်လို ဘက်ပေါင်းစုံက ပေါင်းစည်းချိတ်ဆက်ပြီး လုပ်နိုင်တာမျိုးတော့ မဟုတ်သေးဘူးပေါ့။ ဒီလိုသာ စနစ်တကျနဲ့ ဘက်ပေါင်းစုံက ပေါင်းစည်းချိတ်ဆက်ပြီး လုပ်နိုင်မယ်ဆိုရင် ကျွန်တော်တို့လယ်သမားတွေ မွေးမြူစိုက်ပျိုး စီးပွားတိုးမှာ အမှန်ပဲ မဟုတ်လားဗျာ။

ကျော်။ ။ မှန်တာပေါ့ ကိုသာယာရေ။ ကျွန်တော်တို့လည်း Integrated Farming ကို စနစ်တကျသာ အားစိုက်ခွန်စိုက်ဆောင်ရွက်နိုင်မယ်ဆိုရင် မွေးမြူစိုက်ပျိုး စီးပွားတိုးပြီး အကျိုးဖြစ်ထွန်းမှာ အသေအချာပါပဲဗျာ။

ကျွန်တော်တို့ စကားပိုင်းကလေးကတော့ အောင်မြင်စွာပြီးဆုံးသွားခဲ့ပါပြီ။ စားနပ်ရိက္ခာထုတ်လုပ်မှု၊ အကျိုးအမြတ်ရရှိမှု၊ လုံခြုံဘေးကင်းမှု၊ တိရစ္ဆာန်များဖူလုံမှု၊ လူမှုဖူလုံရေးဆောင်ရွက်မှု၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်မှုဆိုတဲ့ ဖွင့်ဆိုချက်တွေနဲ့ အဓိပ္ပာယ်ပြည့်ဝလှတဲ့ Integrated Farming အကြောင်းကို သူတို့အားလုံး စိတ်ဝင်တစားနဲ့ ငြိမ်သက်နေကြပါတယ်။ ငြိမ်နေတဲ့ ကိုယ်စီရဲ့အတွေးတွေထဲမှာ အနာဂတ်အတွက် မျှော်လင့်ချက်အသစ်တွေ၊ အားမာန်တွေ နိုးကြားထက်သန်နေမှာ အမှန်ပါပဲ။

ရွာကလေးက မိတ်ဆွေများအပါအဝင် တစ်နိုင်ငံလုံးက လယ်သမားဦးကြီးများအားလုံး မွေးမြူစိုက်ပျိုး စီးပွားတိုးနိုင်ကြပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။ ။

**တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၁၀) မှ အောင်စစ်သည်ဆုရရှိသူ ဗိုလ်လောင်းစိုးထက်အား ဆုချီးမြှင့်စဉ်။**

(သတင်းစဉ်)

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်း ကောင်းကျော်ဆွေအား ဆုချီးမြှင့်စဉ်။**

(သတင်းစဉ်)

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ စာပေထူးချွန်ဆုရရှိသူ ဗိုလ်လောင်း ရဲထွန်းစိုးအား ဆုချီးမြှင့်စဉ်။**

(သတင်းစဉ်)

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဗိုလ်လောင်းတပ်ခွဲများအား မိန့်ခွန်းပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသွားသည်။

သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြအခမ်းအနား အပြီးတွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် တပ်မတော် ဆေးတက္ကသိုလ် ပင်မစာသင်ဆောင်ရှိ ဧည့်ခန်းမဆောင်၌ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၀)မှ ထူးချွန်ဆုရ ဗိုလ်လောင်းသုံးဦးနှင့် ယင်းတို့၏ မိဘများအားတွေ့ဆုံ၍ အားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ★ ကျောဖုံးမှ

ဗိုလ်မှူးချုပ်ကျော်ညွှန့်၊ ဗိုလ်မှူးချုပ်မောင်မောင်အုန်း၊ ဗိုလ်ချုပ်ခင်မောင်တင့်၊ ဗိုလ်ချုပ်သန်းအောင်၊ ဗိုလ်ချုပ်ငွေသိန်း၊ ဗိုလ်ချုပ်လှိုင်မြင့်၊ ဗိုလ်မှူးချုပ်ဉာဏ်ထွန်း၊ ဗိုလ်ချုပ်သန်းငွေ့၊ ဗိုလ်ချုပ်စိန်လင်း၊ ဗိုလ်ချုပ်အေးမြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်မြို့တော်ဝန်ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် ဒုတိယဝန်ကြီးများ၊ တပ်မတော်ဆေးတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်ထွန်းနေလင်းနှင့် တပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ ဖိတ်ကြားထားသော ကျောင်းဆင်း ဗိုလ်လောင်းများ၏ မိဘဆွေမျိုးများ နှင့်ဧည့်သည်တော်များ တက်ရောက်ကြသည်။

### အလေးပြုခြင်းခံယူ

အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကလည်း ဗိုလ်လောင်းတပ်ခွဲများကို စစ်ဆေးသည်။

ယင်းနောက် ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲများက တပ်မတော် ကာကွယ်ရေးဦးစီးချုပ်အား အနေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုကြသည်။

### ဆုများချီးမြှင့်

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက တပ်မတော် ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၀)မှ အောင်စစ်သည်ဆုရရှိသူ ဗိုလ်လောင်းအမှတ် (၁၈၆၆) ဗိုလ်လောင်းစိုးထက်၊ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ် (၁၇၉၈) ဗိုလ်လောင်း ကောင်းကျော်ဆွေနှင့် စာပေထူးချွန်ဆု ရရှိသူ ဗိုလ်လောင်းအမှတ်(၂၀၆၉) ဗိုလ်လောင်း ရဲထွန်းစိုးတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

## တက်ရောက်

**တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၀) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားသို့ တက်ရောက်ကြသူများအား တွေ့ရစဉ်။**

(သတင်းစဉ်)

**တပ်မတော် ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၀) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားသို့ တက်ရောက်ကြသူများအား တွေ့ရစဉ်။**

(သတင်းစဉ်)

## ☆ စာမျက်နှာ ၃ မှ

စေတနာ၁နဲ့ သစ္စာတရားကို ပြည်သူတွေ့သာမက နိုင်ငံတကာစောင့်ကြည့်ရေးအဖွဲ့တွေကပါ အသိအမှတ်ပြုခဲ့ရတယ်။

**ရဲဘော်တို့-**

နိုင်ငံတော်ရဲ့ နေရာဒေသအနှံ့အပြားမှာ တာဝန်ထမ်းဆောင်ကြရမယ့် ရဲဘော်တို့ကို တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနဲ့ ပတ်သက်ပြီး မှာကြားလိုတယ်။ တိုင်းရင်းသား လူမျိုးစုတစ်ရာကျော် စုပေါင်းနေထိုင်ကြတဲ့ ဒို့နိုင်ငံဟာ စစ်မှန်တဲ့ မျိုးချစ်စိတ်ဓာတ် တစ်နည်းအားဖြင့် ပြည်ထောင်စုစိတ်ဓာတ် ရှိဖို့လိုတယ်။ နိုင်ငံတော်အတွင်း နေထိုင်သည့် မည်သည့်တိုင်းရင်းသားလူမျိုးမဆို နိုင်ငံတော်၏ ကောင်းရာကောင်းကျိုးအတွက် ပူးပေါင်းဆောင်ရွက်ရမည်ဆိုသော စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်ရှိစေရန် ရေပက်မဝင်တဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို တည်ဆောက်ဖို့ လိုအပ်တယ်။ ဒါကြောင့် ရဲဘော်တို့ဟာ တာဝန်ကျရာအရပ်ဒေသက တိုင်းရင်းသား ညီအစ်ကိုတွေရဲ့ ဖွံ့ဖြိုးရေး လုပ်ငန်းတွေကို တစ်တပ်တစ်အား ပါဝင်ကူညီဆောင်ရွက်ပြီး ကျစ်လျစ်ခိုင်မာတဲ့ စည်းလုံးညီညွတ်မှုရအောင် တည်ဆောက်ကြဖို့ လိုအပ်ကြောင်း မှာကြားလိုတယ်။

**ရဲဘော်တို့-**

နိုဂုံးချုပ်အနေနဲ့ ပြောကြားလိုတာက **"သမားဇာနည် အောင်စစ်သည်"**ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ ဒို့တာဝန် အရေးသုံးပါးကို ကာကွယ်စောင့်ရှောက် ထိန်းသိမ်းပြီး လက်နှိုးရည်၊ နှလုံးရည်ပြည့်ဝတဲ့ ဆေးဘက်ဆိုင်ရာ အရာရှိကောင်းများဖြစ်အောင် ကြိုးစားအားထုတ်ကြပါ။ ခေတ်သစ် စစ်ပွဲတွေကို စစ်ပညာနဲ့ ဆေးပညာရှုထောင့်က အမြဲမြဲတည်ဆည်းပူးလေ့လာပြီး နိုင်ငံတော် ကာကွယ်ရေးအတွက် အသင့်ဖြစ်နေအောင် ဆောင်ရွက်ကြပါ။ တာဝန်ကျရာ အရပ်ဒေသက အမျိုးသားကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေမှာ အင်တိုက်အားတိုက်ပါဝင်ပြီး ကျစ်လျစ်ခိုင်မာတဲ့ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို တည်ဆောက်ကြပါလို့ မှာကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။

## ✡ အီးကိုလီမှ

